INFOGRAPHIC

# International Accountability Mechanisms for Myanmar At a Glance

## မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ တာဝန်ယူတာဝန်ခံမှု ယန္တရားများအကြောင်း

AJAR
ASIA JUSTICE AND RIGHTS
Burmese - January 2020
asia-ajar.org

### International Independent Fact-Finding Mission on Myanmar (FFM)

#### မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (FFM)

- မတ်လ ၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး စက်တင်ဘာလ ၂၀၁၉ တွင် လုပ်ငန်းစဉ် ပြီးဆုံးခဲ့ပြီးဖြစ်ပါသည်။
- လုပ်ပိုင်ခွင့် - ၂၀၁၁ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံတွင်း၊ အထူးသဖြင့် ကချင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းအချက်အလက်များကို စုဆောင်းရန်
- ခုံရုံးမဟုတ်ပါ။ ကျူးလွန်သူများကို တရားစွဲဆိုခြင်း အပြစ်ပေးခြင်း မဆောင်ရွက်နိုင်ပါ။
- စာမျက်နှာ ၄၄၄ ပါ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သည့် အထောက်အထားများနှင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် လူသားဖြစ်တည်မှုအားဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ထားကြောင်း တွေ့ရှိထားသည်။ (မည်သူမဆို ရယူဖတ်ရှုနိုင်အောင် ထုတ်ပြန်ထားသော အစီရင်ခံစာ ဖြစ်သည်။)
- ထိုရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို စုဆောင်းခဲ့ပြီး IIMM သို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။
- တာဝန်အရှိဆုံးသော အကြီးတန်းအမိန့်ပေးသူ အရာရှိ ၆ ဦး ၏ အမည်များကို ဖော်ထုတ်ခဲ့သည်။
- မြန်မာနိုင်ငံကို ICC သို့ လွှဲပြောင်းပေးရန် သို့မဟုတ် အထူးသီးသန့်ခုံရုံးကို တည်ထောင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီကို တောင်းဆိုခဲ့သည်။
- တပ်မတော်ကို အဖွဲ့အစည်း (institution) တစ်ရပ်အနေဖြင့် ရှုမြင်သည်။ ချိုးဖောက် ကျူးလွန်မှုကွင်းဆက်ပုံသဏ္ဍာန်များကို မီးမောင်းထိုး ထုတ်ဖော်ခဲ့သည်။
- တပ်မတော်၏ စီးပွားရေးဆိုင်ရာ ဆက်စပ်ပတ်သက်မှုများနှင့် ပတ်သက်၍ အစီရင်ခံစာ တစ်စောင်ထုတ်ပြန်ခဲ့ပြီး ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် တောင်းဆိုခဲ့သည်။

### Independent Investigative Mechanism for Myanmar (IIMM)

#### မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM)

- စက်တင်ဘာလ ၂၀၁၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းများ စတင်လည်ပတ်ခဲ့သည်။
- လုပ်ပိုင်ခွင့်
  - ၂၀၁၁ ခုနှစ်မှ စ၍ မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သော အလွန်ဆိုးဝါး ပြင်းထန်သော ရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေများကို ချိုးဖောက်မှု များ၏ သက်သေအထောက်အထားများကို စုဆောင်းပြုစုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်းများ လုပ်ဆောင်ရန်
  - အနာဂတ်တွင် ကျူးလွန်သူများကို တရားစွဲဆိုနိုင်ရန်အတွက် သက်သေခံ အထောက်အထားများကို ပြုစုရန်
- FFM မှ စုဆောင်းထားသော သတင်းအချက်အလက်များကို လွှဲပြောင်းရယူခဲ့သည်။
- သက်သေအထောက်အထားများကို အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction) အပါအဝင်၊ ICC နှင့် အခြား ခုံရုံးများတွင် အသုံးပြုနိုင်သည်။ ICJ တွင်လည်း အသုံးပြုနိုင်သည်။
- ကျူးလွန်သူ လူပုဂ္ဂိုလ်တဦးတယောက်ချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု (ဥပမာ - အမိန့်ပေးမှု သို့မဟုတ် အထက်ရာထူးအရ တာဝန်ရှိမှု) နှင့် ဆက်နွှယ်သော သက်သေအထောက်အထား (တာဝန်ရှိသောသူနှင့် ရာဇဝတ်မှုကြား ဆက်နွှယ်မှု) ကို အာရုံစိုက်သည်။
- ခုံရုံးမဟုတ်ပါ။ ကျူးလွန်သူများကို တရားစွဲဆိုခြင်း သို့မဟုတ် အပြစ်ပေးခြင်းများ မပြုလုပ်နိုင်ပါ။ အနာဂတ်အတွက် သက်သေအထောက်အထားများ စုဆောင်း ပြုစုခြင်းသာဆောင်ရွက်သည်။
- ၎င်းတို့၏ လုပ်ငန်းများကို လျှို့ဝှက်စွာ လုပ်ကိုင်နိုင်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ရှာဖွေတွေ့ရှိချက်များကို အများသိအောင် ထုတ်ပြန်မည်မဟုတ်ပါ။ မြန်မာနိုင်ငံအတွင်း ဥပဒေနှင့် မူဝါဒများ ပြုပြင်ပြောင်းလဲရေး အတွက်လည်း တိုက်တွန်းဖွယ် မရှိပါ။

### International Criminal Court (ICC)

#### နိုင်ငံတကာရာဇဝတ်တရားရုံး (ICC)

- ရာဇဝတ်မှုများကျူးလွန်ခြင်းအတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို တရားစွဲဆိုသည်။
- မြန်မာနိုင်ငံသည် ICC ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်ပါ။ လက်ရှိကာလတွင် ICC သည် မြန်မာနိုင်ငံ အပေါ်တွင် တရားစီရင်ခွင့် မရှိပါ။
- ဘင်္ဂလားဒေ့ရှ်သည် ICC ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။
- ရိုဟင်ဂျာများကို မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှင်ထုတ်ခြင်းနှင့် ဆက်နွှယ်သော အခြားရာဇဝတ်မှုများအပေါ် ICC မှ တရားစီရင်ခွင့်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုရာဇဝတ်မှုများ၏ တစိတ်တပိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းကြောင့်ဖြစ်ပါသည်။
- စုံစမ်းစစ်ဆေးမှုတစ်ခု စတင်လုပ်ဆောင်ရန်အတွက် တရားသူကြီးများက တရားစွဲအရာရှိကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ခွင့်ပြုခဲ့သည်။
- ICC တွင် လူပုဂ္ဂိုလ်များကို ဖမ်းဆီးရန်အာဏာမရှိပါ။ သံသယရှိသူကို ဖမ်းဆီးနိုင်ခြင်းမရှိပါက တရားခုံရုံးလည်း ကျင်းပနိုင်မည်မဟုတ်ပါ။
- မြန်မာနိုင်ငံက သံသယရှိသူများကိုလွှဲပြောင်းပေးခြင်း သို့မဟုတ် ဖြစ်နိုင်ချေ နည်းပါးသော ICC အဖွဲ့ဝင်နိုင်ငံများသို့ ခရီးသွားစဉ် ဖမ်းဆီးခံရမှသာလျှင် တရားခုံရုံးတခု ကျင်းပနိုင်မည်ဖြစ်သည်။

### International Court of Justice (ICJ)

#### နိုင်ငံတကာတရားခုံရုံး (ICJ)

- နိုင်ငံများအကြား တရားဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးသည် (ဥပမာ - အစိုးရများအကြား အငြင်းပွားမှုများအတွက်သာ ဖြစ်သည်။ သို့သော် လူပုဂ္ဂိုလ်များအကြား မဟုတ်ပါ)။ ဥပမာအားဖြင့် နိုင်ငံတကာ စာချုပ်နှင့် သက်ဆိုင်သောအခါ။
- မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက်စာချုပ် အဖွဲ့ဝင် ဖြစ်သည့်အတွက် အခြားနိုင်ငံတခုက မြန်မာနိုင်ငံသည် လူမျိုးတုံး သတ်ဖြတ်မှု အတွက် တာဝန်ရှိကြောင်း ဆုံးဖြတ်ချက်ချမှတ်ပေးရန် ICJ ကို တောင်းဆို နိုင်သည်။
- လူမျိုးတုံးသတ်ဖြတ်မှု ပပျောက်ရေး သဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများကို ချိုးဖောက်မှုဖြင့် မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ICJ သို့ တရားစွဲဆိုတင်သွင်းလျှောက်ထားခဲ့ပါသည်။
- အကာအကွယ်ပေးရေး ယာယီအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ICJ တရားသူကြီးများက မြန်မာနိုင်ငံအပေါ် ၂၀၂၀ ခုနှစ် ဇန္နဝါရီလ ၂၃ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ချမှတ်မှုအရ ရိုဟင်ဂျာများအပေါ် လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်သည့် လုပ်ရပ်များကို တားဆီးရန်၊ သက်သေ အထောက် အထားများကို ထိမ်းသိမ်းထားရန်နှင့် ICJ သို့ ကာလအပိုင်းအခြားအလိုက် အစီရင်ခံစာများ ပုံမှန်တင်သွင်းရန်တို့ကို မြန်မာနိုင်ငံက လုပ်ဆောင်ရမည် ဖြစ်သည်။
- အနာဂတ်ကာလတွင် ကျူးလွန်သူများကို အပြစ်ပေးရန်၊ ထပ်မံမဖြစ်ပွားစေရေး အာမခံရန်နှင့် ကျူးလွန်ခံရသူများကို ကုစားမှုများပေးအပ်ရန်အတွက် ICJ က မြန်မာနိုင်ငံကို အမိန့်ပေးနိုင်သည်။
- ICJ ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ခက်ခဲနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ICJ တွင် ၎င်း၏ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်ရန် တိုက်ရိုက်နည်းလမ်းမရှိပါ။

### Universal Jurisdiction

#### အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် (UJ)

- အချို့နိုင်ငံများတွင် ပြည်တွင်းတရားရုံးများသည် ၎င်း၏နိုင်ငံတွင်းတွင် မဖြစ်ပွား သော်လည်း၊ ကျူးလွန်သူသည် နိုင်ငံသားမဟုတ်လျှင်သော်လည်း ပြင်းထန်သည့် ရာဇဝတ်မှုများကို တရားစွဲဆိုနိုင်သည်။
- အာဂျင်တီးနားနိုင်ငံသည် ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို ထည့်သွင်း ပြဋ္ဌာန်းထားသည်။
- ရိုဟင်ဂျာများအပေါ် လူသားမျိုးနွယ်စုကိုဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်မှုဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် တပ်မတော်ကို တရားစွဲဆိုရန် အာဂျင်တီးနားနိုင်ငံ တရားရုံးတစ်ခုတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့က လျှောက်ထားခဲ့သည်။ တရားရုံးအနေဖြင့် တရားစွဲဆိုရေး ဆက်လက်လုပ်ဆောင်ရန်အတွက် ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်သည်။
- ထိုအမှုသည် တပ်မတော်ထိပ်ပိုင်း ခေါင်းဆောင်များနှင့် အရပ်သား ခေါင်းဆောင်များ ကို တစ်ဦးချင်းစီအလိုက် ရာဇဝတ်မှုအပေါ် တာဝန်ခံစေရန်ဖြစ်သည်။ (ICJ နှင့် မတူကွဲပြားမှုရှိပါသည်။)
- ထိုတရားစွဲဆိုမှုသည် မြန်မာနိုင်ငံ၏ နယ်နိမိတ်ဧရိယာအတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် သက်ဆိုင်ပါသည်။ (ICC နှင့် မတူကွဲပြားမှု ရှိပါသည်။)
- အကယ်၍ တရားရုံးက ဆက်လက်၍ တရားစွဲဆိုရန်အတွက် ဆုံးဖြတ်ခဲ့ပါက စွပ်စွဲခံရသူများကို အာဂျင်တီးနားနိုင်ငံရှိ တရားရုံးရှေ့မှောက်သို့ ခေါ်ဆောင်ရန် အတွက် ခက်ခဲနိုင်ပါသည် (ဥပမာ - စွပ်စွဲခံရသူများကို လွှဲပြောင်းရယူရန်အတွက်)။ ထို့ကြောင့် တရားခုံရုံးကျင်းပနိုင်ရန် ခက်ခဲနိုင်သည်။